ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးဆောင်ရွက်ချက် အစီရင်ခံစာ

(၂၀၁၄-၂၀၁၅)

၂၀၁၆ခုနှစ် ၊ ဧပြီလ

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးဆောင်ရွက်ချက်အစီရင်ခံစာ

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- | --- |
| ၁။ | အခန်း(၁) | ဘဏ်များနှင့် ငွေရေးကြေးရေးကုမ္ပဏီများ၏ ဘဏ္ဍာရေး အခြေအနေတင်ပြမှုအစီရင်ခံစာ(အကျဉ်းချုပ်) | ၃ |
| ၂။ | အခန်း(၂) | မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ကြီးကြပ်စစ်ဆေးခြင်းနှင့် ကြပ်မတ်ကွပ်ကဲခြင်းဆိုင်ရာ အခန်းကဏ္ဍနှင့်ဆောင်ရွက်ချက်များ | ၅ |
| | | မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏အခန်းကဏ္ဍ | ၅ |
| | | ငွေရေးကြေးရေးကဏ္ဍ၏လက်ရှိဖွဲ့စည်းတည်ဆောက်မှု | ၆ |
| ၃။ | အခန်း(၃) | ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေး အခြေအနေ သုံးသပ်တင်ပြချက်များ | ၇ |
| | | ဘဏ်လုပ်ငန်းကဏ္ဍတစ်ခုလုံး၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွက် အရေးပါသောဘဏ္ဍာရေးဆိုင်ရာကိန်းဂဏန်းများ အပေါ်အခြေခံ၍ စိစစ်ချက်များ | ၇ |
| | | ဘဏ်လုပ်ငန်းကဏ္ဍတစ်ခုလုံး၏အရေးပါသောဘဏ္ဍာရေး ဆိုင်ရာ ငွေရေးကြေးရေးအချိုးများအပေါ်အခြေခံ၍ စိစစ်ချက်များ | ၁၂ |
| ၄။ | အခန်း(၄) | ငွေရေးကြေးရေးကဏ္ဍဖြစ်ပေါ်တိုးတက်မှုများ | ၂၀ |
| | | ဥပဒေရေးရာနှင့် ကြပ်မတ်ကွပ်ကဲမှုဆိုင်ရာတိုးတက်မှုများ | ၂၀ |
| | | ငွေရေးကြေးရေးကဏ္ဍဆိုင်ရာဖြေလျှော့ဆောင်ရွက်မှုများ | ၂၂ |
| | | ငွေရေးကြေးရေးပါဝင်မှု (Financial Inclusion) တိုးတက်ဆောင်ရွက်မှုများ | ၂၃ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- | --- |
| | | ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာဖွံ့ဖြိုး တိုးတက်မှုများ | ၂၃ |
| ၅။ | အခန်း(၅) | ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှုစနစ်တိုးတက် ဖြစ်ပေါ်မှုဆောင်ရွက်ချက်များ | ၂၆ |
| ၆။ | **နောက်ဆက်တွဲဇယားများ** | | |
| | ဇယား (၁) | (၃၁.၃.၂၀၁၅) ရက်နေ့ထိ နိုင်ငံပိုင်ဘဏ်များ၏ ဘဏ်ခွဲစာရင်း | ၂၉ |
| | ဇယား(၂) | (၃၁.၃.၂၀၁၅) ရက်နေ့ထိ ပြည်တွင်းပုဂ္ဂလိကဘဏ် များမှဖွင့်လှစ်ထားသောဘဏ်ခွဲစာရင်း | ၃၀ |
| | ဇယား(၃) | (၃၁.၃.၂၀၁၅) ရက်နေ့ထိ ဖွင့်လှစ်ထားသည့် နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲစာရင်း | ၃၁ |
| | ဇယား(၄) | မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လိုင်စင်ထုတ်ပေး ခဲ့သည့်ပြည်တွင်းငွေရေးကြေးရေးကုမ္ပဏီများစာရင်း | ၃၃ |

## အခန်း(၁)
## ဘဏ်များနှင့် ငွေရေးကြေးရေးကုမ္ပဏီများ၏ ဘဏ္ဍာရေးအခြေအနေတင်ပြမှုအစီရင်ခံစာ(အကျဉ်းချုပ်)

ဘဏ်များနှင့်ငွေရေးကြေးရေးကုမ္ပဏီများ၏ ဘဏ္ဍာရေးအခြေအနေတင်ပြမှု အစီရင်ခံစာသည် နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် ငွေရေးကြေးရေးကုမ္ပဏီများ၏ လက်ကျန်ရှင်းတမ်း (Balance Sheet) ပါ ဘဏ္ဍာရေးအခြေအနေများကို အခြေခံ၍ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ်ရှိ အရေးပါသော ဘဏ္ဍာရေးဆိုင်ရာ ငွေရေးကြေးရေးအချိုးများ ၊ ရရန်ပိုင်ခွင့်များ(Assets)၊ ချေးငွေများ(Loans)၊ အပ်ငွေများ(Deposits)၊ မတည်ရင်းနှီးငွေ (Capital)၊ ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်များ(Liquid Assets)၊ အသားတင်ဝင်ငွေ(Net Income)တို့၏ အခြေအနေကို စိစစ်တင်ပြထားပါသည်။

မြန်မာနိုင်ငံ၏ ဘဏ်နှင့်ငွေရေးကြေးရေးစနစ်တွင်ပါဝင်သော ပုဂ္ဂလိကဘဏ်များ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ရင်းနှီးမြှုပ်နှံမှုများအပေါ်ပြန်ရချက် (Return on Equity) မှာ ပျမ်းမျှအားဖြင့် (၂၂%) နှင့် ရရန်ပိုင်ခွင့်အပေါ်ပြန်ရချက် (Return on Assets) မှာ ပျမ်းမျှအားဖြင့် (၁.၅%) ရှိပြီး၊ ဘဏ်များ၏ ပျမ်းမျှတိုးတက်မှုနှုန်းမှာ ယခင်နှစ်ထက်နှိုင်းယှဉ်ပါက အနည်းငယ်လျော့နည်းခဲ့ပါသည်။ သို့ရာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ ဘဏ်များ၏ ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ မတည်ရင်းနှီးငွေနှင့် အမြတ်ရရှိမှုမှာ တိုးတက်မှုအနည်းငယ်ရှိခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၏အပ်ငွေအနေဖြင့် ပမာဏအားဖြင့်တိုးတက်သော်လည်း ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက အပ်ငွေတိုးတက်မှုနှုန်းကျဆင်းကြောင်းတွေ့ရှိရပါသည်။ အပ်ငွေတိုးတက်မှုနှုန်း ကျဆင်းရခြင်းမှာ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်မှုနည်းခြင်း၊ ပြည်ပမှတင်သွင်းသော စားသုံးကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်ခြင်းတို့ပါဝင်နိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ချေးငွေနှင့် အပ်ငွေအချိုးမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်ဆုံးသော (၃၁.၃.၂၀၁၅) ရက်နေ့၌ (၅၄.၄၁%) ရှိကြောင်းတွေ့ရပါသည်။ ၎င်းအပြင် ဘဏ်များသည် ငွေသားကိုင်ဆောင်မှု အနေဖြင့် နိုင်ငံခြားငွေများ ကိုင်ဆောင်ထားခြင်းနှင့် ပြည်ပရှိ အဆက်အသွယ်ဘဏ်များတွင် ထားရှိသော ငွေမှာ (၂) ဆခန့် မြင့်တက်ခဲ့ကြောင်းတွေ့ရပါသည်။ငွေသားလက်ဝယ်ကိုင်ဆောင်ခြင်းကြောင့် နိုင်ငံတွင်း ထုတ်လုပ်မှု လုပ်ငန်းများမှ ဝင်ငွေရရှိမှုကျဆင်းနိုင်ပါသည်။ ဘဏ်များ၏ရင်းနှီးငွေ (Capital) တိုးတက်မှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်ယခင်နှစ်ထက် (၁၉.၀၅%) တိုးလာကြောင်း တွေ့ရပါသည်။ ဘဏ်၏

အစုရှယ်ယာရှင်များအနေဖြင့် ၎င်းတို့၏ရင်းနှီးငွေကို အနည်းဆုံးအပ်ငွေ တိုးနှုန်းနှင့် အပြိုင် ထည့်ဝင်ရန် လိုအပ်ကြောင်းတွေ့ရပါသည်။

## အခန်း(၂)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်စစ်ဆေးခြင်းနှင့် ကြပ်မတ်ကွပ်ကဲခြင်းဆိုင်ရာ အခန်းကဏ္ဍနှင့် ဆောင်ရွက်ချက်များ

### မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အခန်းကဏ္ဍ

ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အဓိကရည်မှန်းချက်တစ်ခုဖြစ်ပြီး၊ ထိုသို့ ငွေရေးကြေးရေးစနစ်တည်ငြိမ်စေရန်အတွက် ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများအား စည်းမျဉ်းများချမှတ်၍ ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းကို ဆောင်ရွက်ပါသည်။

ကြီးကြပ်စစ်ဆေးခြင်း၏ အဓိကရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ဘဏ်လုပ်ငန်းတောင့်တင်းခိုင်မာစေရန်၊
- ဘဏ်လုပ်ငန်းစနစ်အတွင်း ဘဏ်များ၏လုပ်ငန်းဆောင်ရွက်မှုများနှင့်၎င်းတို့၏ငွေရေးကြေးရေးအခြေအနေကို ကြီးကြပ်ရန်၊
- မှန်ကန်သောအရေးယူဆောင်ရွက်မှုကို အချိန်မီပြုလုပ်နိုင်ရန်အတွက် ဆုံးရှုံးနိုင်ခြေများကို ဖော်ထုတ်သတ်မှတ်ရန်၊
- ဆုံးရှုံးနိုင်ခြေများကို အနည်းဆုံးဖြစ်စေရန်။

ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြီးကြပ်စစ်ဆေးရာတွင် စောင့်ကြည့်ကြီးကြပ်စစ်ဆေးခြင်း နှင့် ကွင်းဆင်းကြီးကြပ်စစ်ဆေးခြင်း နည်းလမ်း(၂)သွယ်ဖြင့် စစ်ဆေးပါသည်။

**စောင့်ကြည့်ကြီးကြပ်စစ်ဆေးခြင်း (Off-site Monitoring)**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ-၇၀တွင်ငွေရေးကြေးရေးအဖွဲ့အစည်းသည် ဗဟိုဘဏ်က ယင်း၏လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်ရန်အလို့ငှာလိုအပ်မည့် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ကာလအပိုင်းအခြားအလိုက် တောင်းဆိုသည့်အတိုင်း ပေးပို့ရမည်ဟုပြဋ္ဌာန်းထားပါသည်။ အဆိုပါပြဋ္ဌာန်းချက်အရ ဘဏ်များက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများကြီးကြပ် စစ်ဆေးရေးဌာနသို့ ပေးပို့သည့် နေ့စဉ်ဘဏ္ဍာရေးအစီရင်ခံစာများ၊ အပါတ်စဉ်ဘဏ္ဍာရေးအစီရင်ခံစာများ၊ လစဉ်ဘဏ္ဍာရေး

အစီရင်ခံစာများ၊ (၃) လတစ်ကြိမ် ဘဏ္ဍာရေးအစီရင်ခံစာများ၊ နှစ်စဉ်အစီရင်ခံစာများအား ကြီးကြပ်စစ်ဆေးရပါသည်။

**ကွင်းဆင်းကြီးကြပ်စစ်ဆေးခြင်း (On-site Examination)**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်စစ်ဆေးရေးမှူး (Examiner In-charge) များသည် ပုဂ္ဂလိကဘဏ်များအား On-siteစစ်ဆေးရာတွင်ဘဏ်များ၏ရရန်ပိုင်ခွင့် (Asset) နှင့် ပေးရန်တာဝန်များ (Liabilities) စာရင်းခေါင်းစဉ်ရှိ စာရင်းများအားစစ်ဆေးပါသည်။ ထို့ပြင်နိုင်ငံခြားသုံးငွေ လုပ်ငန်းများဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေများ၊ စည်းမျဉ်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုရှိ/မရှိ၊ နေ့စဉ်ထိန်းသိမ်းထားရမည့် နိုင်ငံခြားသုံးငွေလက်ကျန်အခြေအနေသည် သတ်မှတ်ထားသောရာခိုင်နှုန်းအတွင်းရှိ/မရှိ၊ ငွေလွှဲများနှင့်ရင်းနှီးမြှုပ်နှံမှုများအား ပြည်တွင်းပြည်ပသို့ လွှဲပြောင်းခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏နိုင်ငံခြားသုံးငွေစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်မှုရှိ/မရှိနှင့် နိုင်ငံခြားသုံးငွေစာရင်းရှင်အပ်ငွေစာရင်းသစ် ဖွင့်လှစ်မှုနှင့်ပတ်သက်၍ AML/CFT နှင့် အညီလိုက်နာဆောင်ရွက်မှုရှိ/မရှိ ကြီးကြပ်စစ်ဆေးပါသည်။

**ငွေရေးကြေးရေးကဏ္ဍ၏ လက်ရှိဖွဲ့စည်းတည်ဆောက်မှု**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကုန်တွင် မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ၏ ဖွဲ့စည်းတည်ဆောက်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ငွေရေးကြေးရေးအဖွဲ့အစည်းများ | အရေအတွက် | ဇယား |
|---|---|---|---|
| ၁ | နိုင်ငံပိုင်ဘဏ် | ၄ | (ဇယား-၁) |
| ၂ | ပုဂ္ဂလိကဘဏ် | ၂၂ | (ဇယား-၂) |
| ၃ | နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲ | ၃၇ | (ဇယား-၃) |
| ၄ | ငွေရေးကြေးရေးကုမ္ပဏီ | ၉ | (ဇယား-၄) |
| ၅ | Money Changer လုပ်ငန်း | ၂၄၁ | - |
| ၆ | အာမခံကုမ္ပဏီ | ၁၅ | - |
| ၇ | အသေးစားငွေရေးကြေးရေးလုပ်ငန်း | ၂၂၆ | - |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းအောက်တွင် နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များ၊ ငွေရေးကြေးရေးကုမ္ပဏီများ၊ နိုင်ငံခြားဘဏ်ခွဲများ၊

နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲများနှင့် နိုင်ငံခြားငွေလဲလှယ်သည့်လုပ်ငန်းများ(Money Changer) တို့ပါဝင်ပါသည်။

## အခန်း(၃)

## ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေး အခြေအနေသုံးသပ်တင်ပြချက်များ

**ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေး အခြေအနေသုံးသပ်တင်ပြချက်များ**

ဘဏ်လုပ်ငန်းကဏ္ဍသည် လျင်မြန်စွာတိုးတက်ပြီး ခေတ်မီလာသည့်အတွက် ကြီးကြပ်ကွပ်ကဲရန်စည်းမျဉ်းများကိုမြှင့်တင်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲမှုစွမ်းရည်တည်ဆောက်ခြင်းတို့ ပြုလုပ်လျက်ရှိပါသည်။ သို့ပါ၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ပုဂ္ဂလိကဘဏ်များနှင့် ငွေရေးကြေးရေးကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှု တည်ငြိမ်မှုရှိကြောင်း သုံးသပ်ရပါသည်။ ဘဏ်များ၏ အမြတ်ရရှိမှုသည်နှစ်စဉ်တိုးတက်နေကြောင်းနှင့် ပြည်တွင်းဘဏ် လုပ်ငန်းစီမံခန့်ခွဲမှုသည် ခိုင်မာမှုရှိကြောင်း တွေ့ရှိရပါသည်။

**ဘဏ်လုပ်ငန်းကဏ္ဍတစ်ခုလုံး၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် အရေးပါသော ဘဏ္ဍာရေးဆိုင်ရာကိန်းဂဏန်းများအပေါ်အခြေခံ၍ စိစစ်တွေ့ရှိချက်များ**

**စုစုပေါင်းရရန်ပိုင်ခွင့်** (Assets)

ဘဏ်လုပ်ငန်းကဏ္ဍ၏ စုစုပေါင်းရရန်ပိုင်ခွင့် အခြေအနေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင်ကျပ် ၃၂,၄၃၄,၀၁၅.၄၂ သန်း ရှိပြီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၂၈,၉၉၃,၅၇၃.၆၄ သန်း ရှိခဲ့သဖြင့် ယမန်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၃,၄၄၀,၄၄၁.၇၈ သန်း (၁၁.၈၇%) တိုးတက်ခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၏စုစုပေါင်းရရန်ပိုင်ခွင့်အခြေအနေမှာ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁၅,၄၇၈,၁၈၄.၄၄ သန်း ရှိပြီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁၁,၄၃၅,၀၂၁.၁၄ သန်းရှိခဲ့သဖြင့် ယမန်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့်ကျပ် ၄,၀၄၃,၁၆၃.၃၀ သန်း(၃၅.၃၆%) တိုးတက်ခဲ့ပါသည်။

နိုင်ငံပိုင်ဘဏ်များ၏စုစုပေါင်းရရန်ပိုင်ခွင့်အခြေအနေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ်၁၆,၉၅၅,၈၃၀.၉၈ သန်းရှိပြီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁၇,၅၅၈,၅၅၂.၅၀ သန်း

ရှိခဲ့သဖြင့် ယမန်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင်ပမာဏအားဖြင့် ကျပ် ၆၀၂,၇၂၁.၅၂ သန်း (၃.၄၃%) ကျဆင်းသွားပါသည်။

**ချေးငွေ (Loans)**

ဘဏ်လုပ်ငန်းကဏ္ဍ၏ ချေးငွေအခြေအနေမှာ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁၁,၃၃၅,၅၇၈.၆၈ သန်းရှိပြီး၊၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၈,၃၁၈,၀၁၈.၁၉ သန်း ရှိခဲ့သဖြင့် ယမန်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၃,၀၁၇,၅၆၀.၄၉ သန်း (၃၆.၂၈%) တိုးတက်ခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ ချေးငွေအခြေအနေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၉,၀၃၇,၃၃၁.၁၀ သန်း ရှိပြီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၆,၃၆၁,၉၈၉.၆၀ သန်းရှိခဲ့သဖြင့် ယမန်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၂,၆၇၅,၃၄၁.၅၀ သန်း (၄၂.၀၅%) တိုးတက်ခဲ့ပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ ချေးငွေအခြေအနေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၂,၂၉၈,၂၄၇.၅၈ သန်း ရှိပြီး၊၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁,၉၅၆,၀၂၈.၅၉ သန်း ရှိခဲ့သဖြင့် ယမန်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၃၄၂,၂၁၈.၉၉သန်း (၁၇.၅၀%) တိုးတက်ခဲ့ပါသည်။

**အပ်ငွေ (Deposit)**

ဘဏ်လုပ်ငန်းကဏ္ဍ၏ အပ်ငွေအခြေအနေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၂၀,၈၃၃,၇၈၁.၀၄ရှိပြီး၊၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁၇,၄၉၉,၅၈၀.၆၅ သန်း ရှိခဲ့သဖြင့် ယမန်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၃,၃၃၄,၂၀၀.၃၉သန်း (၁၉.၀၅%)တိုးတက်ခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ အပ်ငွေအခြေအနေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁၃,၃၄၉,၁၀၆.၃၀ သန်းရှိပြီး၊၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၉,၄၉၀,၆၄၂.၁၉ သန်း ရှိခဲ့သဖြင့် ယမန်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏ အားဖြင့် ကျပ် ၃,၈၅၈,၄၆၄.၁၁ သန်း (၄၀.၆၆%) တိုးတက်ခဲ့ပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ အပ်ငွေအခြေအနေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၇,၄၈၄,၆၇၄.၇၄ သန်း ရှိပြီး၊၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၈,၀၀၈,၉၃၈.၄၆ သန်း ရှိခဲ့သဖြင့် ယမန်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၅၂၄,၂၆၃.၇၂ သန်း (၆.၅၅%) လျော့နည်းခဲ့ပါသည်။

**မတည်ရင်းနှီးငွေ (Capital)**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေရေးကြေးရေးတည်ငြိမ်မှုရှိစေရန်နှင့် ဘဏ်များ ခိုင်မာမှုရှိစေရန် တို့အတွက်(၃၀.၁၂.၂၀၁၄) ရက်နေ့တွင်ညွှန်ကြားချက်အမှတ် (၉/၂၀၁၄) ဖြင့် ပြည်တွင်း၌ ဘဏ်လုပ်ငန်းများလုပ်ကိုင်ရန် ခွင့်ပြုထားသည့် ဘဏ်များ၏ အနည်းဆုံး ထည့်ဝင်ရမည့် မတည်ရင်းနှီးငွေ(Paid up Capital)အား ကျပ် (၂၀) ဘီလီယံ ထားရှိရန် တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။ သို့ဖြစ်၍ ဘဏ်လုပ်ငန်းကဏ္ဍ၏ မတည် ရင်းနှီးငွေအခြေအနေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၇၉၆,၄၃၉.၇၄ သန်းရှိပြီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၅၆၇,၅၂၆.၄၁ သန်းရှိခဲ့သဖြင့် ယမန်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၂၂၈,၉၁၃.၃၃ သန်း (၄၀.၃၄%) တိုးတက်ခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ မတည်ရင်းနှီးငွေအခြေအနေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၇၃၃,၉၃၉.၇၄ သန်း ရှိပြီး၊၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၅၅၈,၈၉၆.၄၁ သန်း ရှိခဲ့သဖြင့် ယမန်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၁၇၅,၀၄၃.၃၃ သန်း (၃၁.၃၂%) တိုးတက်ခဲ့ပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ မတည်ရင်းနှီးငွေ အခြေအနေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၆၂,၅၀၀ သန်းရှိပြီး၊၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၈,၆၃၀ သန်း ရှိခဲ့သဖြင့် ယမန်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၅၃,၈၇၀သန်း (၆) ဆ တိုးတက်ခဲ့ပါသည်။

**ငွေဖြစ်လွယ်သောရရန်ပိုင်ခွင့်များ (Liquid Assets)**

ဘဏ်လုပ်ငန်းကဏ္ဍ၏ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်များအခြေအနေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁၁,၄၂၆,၁၁၆.၆၇ သန်း ရှိပြီး၊၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁၁,၉၆၂,၇၅၃.၉၇ သန်းရှိခဲ့သဖြင့် ယမန်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၅၃၆,၆၃၇.၃၀သန်း (၄.၄၉%) လျော့နည်းခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ ငွေဖြစ်လွယ်သောရရန်ပိုင်ခွင့်များအခြေအနေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် (၃,၅၇၇,၂၂၆.၃၁) သန်းရှိပြီး၊ (၂၀၁၃-၂၀၁၄) ဘဏ္ဍာနှစ်ကုန်တွင် ကျပ်(၂,၆၉၃,၂၃၅.၇၇) သန်းရှိသဖြင့်ယမန်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏ တိုးတက်မှုအနေဖြင့်ကျပ် (၈၈၃,၉၉၀.၅၄) သန်း ရာခိုင်နှုန်းအားဖြင့် (၃၂.၈၂%) တက်သွားကြောင်း တွေ့ရပါသည်။ ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်များတိုးလာခြင်းသည်ဘဏ်များတွင် အရေးပေါ် ငွေလိုအပ်ချက်များအတွက် အထောက်အကူပေးသော်လည်း ချေးငွေ ထုတ်ချေးခြင်းစသည့် ဝင်ငွေရစေသည့် ရင်းနှီးမြှုပ်နှံနိုင်သည့်ပမာဏလျော့နည်းမည်ဖြစ်ရာ ဘဏ်၏ဝင်ငွေလျော့နည်းမှုကို ဖြစ်စေပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ငွေဖြစ်လွယ်သောရရန်ပိုင်ခွင့်များ အခြေအနေမှာ (၂၀၁၄-၂၀၁၅) ဘဏ္ဍာနှစ်ကုန်တွင်ကျပ် (၇,၈၄၈,၈၉၀.၃၆) သန်း၊ (၂၀၁၃-၂၀၁၄) ဘဏ္ဍာနှစ်ကုန်တွင် ကျပ် (၉,၂၆၉,၅၁၈.၂၀) သန်းရှိသဖြင့်ယမန်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင်ပမာဏအားဖြင့်ကျပ် (၁,၄၂၀,၆၂၇.၈၄) သန်း၊ရာခိုင်နှုန်းအားဖြင့် (၁၅.၃၃%)လျော့နည်းခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံပိုင်ဘဏ်များ၏အရေးပါသော ဘဏ္ဍာရေးကိန်းဂဏန်းများ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နှင့် ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် နှိုင်းယှဉ်ဆက်စပ်တိုးတက်မှု အခြေအနေအား ပုံ(၁)၊ ပုံ(၂)၊ ပုံ(၃) နှင့် ပုံ(၄) တို့ဖြင့် ဖော်ပြထားပါသည်။




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်







ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## အသားတင်ဝင်ငွေ (Net Income)

ဘဏ်များ၏စီမံခန့်ခွဲမှု (Management)နှင့်ပတ်သက်၍ အမြတ်(Profit)မှာ ပျမ်းမျှအားဖြင့် ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါက တိုးတက်ကောင်းမွန်လာကြောင်း တွေ့ရှိရပါသည်။

ဘဏ်လုပ်ငန်းကဏ္ဍတစ်ခုလုံး၏ အသားတင်ဝင်ငွေအခြေအနေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၂၈၅,၄၄၇.၁၉ သန်း ရှိပြီး၊၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၄၀၄,၉၇၄.၈၈ သန်းရှိခဲ့သဖြင့် ယမန်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် ၁၁၉,၅၂၇.၆၉ သန်း (၂၉.၅၁%) လျော့နည်းခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ အသားတင်ဝင်ငွေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၂၂၅,၂၉၉.၅၉ သန်းရှိပြီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၂၅၇,၄၃၁.၈၁ သန်းရှိခဲ့သဖြင့်၊ ယမန်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ်(၃၂,၁၃၂.၂၂)သန်းရာခိုင်နှုန်းအားဖြင့် (၁၂.၄၈%) ကျဆင်းခဲ့ပါသည်။ ဘဏ်၏ ဝင်ငွေမြင့်မားမှသာ ဘဏ်၏ ငွေရေးကြေးရေး အခြေအနေကို ပိုမိုတောင့်တင်းခိုင်မာမည်ဖြစ်၍ ဘဏ်များ၏ဝင်ငွေ လျော့နည်းကျဆင်းမှုများကို အချိန်မီကုစားရန် လိုအပ်ပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ အသားတင်ဝင်ငွေမှာ (၂၀၁၄-၂၀၁၅) ဘဏ္ဍာနှစ်ကုန်တွင် ကျပ် (၆၀,၁၄၇.၆၀)သန်း၊ (၂၀၁၃-၂၀၁၄) ဘဏ္ဍာနှစ်ကုန်တွင် ကျပ် (၁၄၇,၅၄၃.၀၇ ) သန်း ရှိခဲ့သဖြင့်

ယမန်နှစ် အလားတူကာလ နှင့်နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ကျပ် (၈၇,၃၉၅.၄၇) သန်း ရာခိုင်နှုန်း အားဖြင့် (၅၉.၂၃%) လျော့နည်းခဲ့ပါသည်။

**ဘဏ်လုပ်ငန်းကဏ္ဍတစ်ခုလုံး၏အရေးပါသောဘဏ္ဍာရေးဆိုင်ရာငွေရေးကြေးရေးအချိုးများအပေါ် အခြေခံ၍စိစစ်ချက်များ**

**ပုံသေရရန်ပိုင်ခွင့်နှင့်စုစုပေါင်းရရန်ပိုင်ခွင့်အချိုး** (Fixed Assets to Total Assets)

ဘဏ်လုပ်ငန်းကဏ္ဍ၏ ပုံသေရရန်ပိုင်ခွင့်နှင့် စုစုပေါင်းရရန်ပိုင်ခွင့် အချိုးမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် (၁.၇၁%) ရှိပြီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် (၁.၃၁%) ရှိခဲ့သဖြင့် ယမန်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် (၀.၄%) တိုးတက်ခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ ပုံသေရရန်ပိုင်ခွင့်နှင့် စုစုပေါင်းရရန်ပိုင်ခွင့် အချိုးမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် (၃.၄၈%)ရှိပြီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် (၃.၂၁%) ရှိခဲ့သဖြင့် ယမန်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် (၀.၂၇%) တိုးလာကြောင်း တွေ့ရပါသည်။ ပုဂ္ဂလိကဘဏ်များ၏ စုစုပေါင်းရရန်ပိုင်ခွင့်များတွင် အခြားရရန်ပိုင်ခွင့်၊ လက်ငင်းရရန်ပိုင်ခွင့်တို့၏ အချိုးနှင့်နှိုင်းယှဉ်ပါက ပုံသေရရန်ပိုင်ခွင့်ပါဝင်မှုမှာ နည်းပါးကြောင်းတွေ့ရ၍ ငွေဖြစ်လွယ်မှု လွယ်ကူသော ရရန်ပိုင်ခွင့်များ ပိုမိုကိုင်ဆောင်ထားကြောင်း တွေ့ရပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ ပုံသေရရန်ပိုင်ခွင့်နှင့် စုစုပေါင်းရရန်ပိုင်ခွင့် အချိုးမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် (၀.၁၀%) ရှိပြီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် (၀.၀၇%)ရှိခဲ့သဖြင့် ယမန်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် (၀.၀၃%) တက်လာခဲ့ပါသည်။

**ငွေကြေးလွယ်ကူမှုအချိုး** (Liquidity Ratio)

ဘဏ်လုပ်ငန်းကဏ္ဍ၏ငွေကြေးလွယ်ကူမှုအချိုးမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် (၅၃.၀၆%) ရှိပြီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာ နှစ်ကုန်တွင် (၆၂.၁၁%) ရှိခဲ့သဖြင့် ယမန်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် (၉.၀၅%) လျော့နည်းခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ ငွေကြေးလွယ်ကူမှုအချိုးမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကုန်တွင် (၂၇.၇၇%) ရှိပြီး၊(၂၀၁၃-၂၀၁၄) ဘဏ္ဍာနှစ်တွင် (၂၉.၀၂%) ရှိသဖြင့် ယမန်နှစ် အလားတူ

ကာလနှင့်နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် (၁.၂၅%) လျော့နည်းသွားကြောင်း တွေ့ရပါသည်။ သို့ရာတွင်သတ်မှတ်ထားသော အနည်းဆုံးငွေကြေးလွယ်ကူမှုအချိုး ၂၀% ကျော်လွန်ကြောင်း တွေ့ရပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ ငွေကြေးလွယ်ကူမှုအချိုး မှာ (၂၀၁၄-၂၀၁၅) ဘဏ္ဍာနှစ်ကုန်တွင် (၉၀.၇၃%)၊ (၂၀၁၃-၂၀၁၄) ဘဏ္ဍာနှစ်တွင် (၉၂.၈၉%) ရှိသဖြင့် ယမန်နှစ် အလားတူ ကာလနှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့်( ၂.၁၆%)လျော့နည်းခဲ့ပါသည်။

**အစိုးရငွေတိုက်စာချုပ်မပါဝင်သောငွေကြေးလွယ်ကူမှုအချိုး (Liquidity Ratio Excluding Bonds)**

အစိုးရငွေတိုက်စာချုပ်များသည် ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်များ ဖြစ်ပါသည်။ သို့ရာတွင် အစိုးရငွေတိုက်စာချုပ် ပိုင်ဆိုင်ထားမှုကိုချန်လှပ်၍အခြားလက်ငင်းရရန်ပိုင်ခွင့်များနှင့် လက်ငင်း ပေးရန်တာဝန်များ၏အချိုးမှာ ဘဏ်လုပ်ငန်းကဏ္ဍတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် (၃၆.၆၈%) ရှိပြီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာ နှစ်ကုန်တွင် (၄၄.၆၃%) ရှိခဲ့သဖြင့် ယမန်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် (၇.၉၅%) လျော့နည်းခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၏အစိုးရငွေတိုက်စာချုပ် ပိုင်ဆိုင်ထားမှုကိုချန်လှပ်၍ အခြားလက်ငင်း ရရန်ပိုင်ခွင့်များနှင့် လက်ငင်းပေးရန်တာဝန်များ၏ အချိုးမှာ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် (၁၁.၈၁%)ရှိပြီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် (၇.၇၂%) ရှိသဖြင့် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် (၄.၀၉%) တိုးလာကြောင်းတွေ့ရပါသည်။ သို့ရာတွင်ပုဂ္ဂလိကဘဏ်များသည် အနည်းဆုံးထားရှိရမည့် ငွေကြေးလွယ်ကူမှုအချိုး (၂၀%) ပြည့်မီမှုမရှိကြောင်းတွေ့ရပါသည်။ သို့ပါ၍ ပုဂ္ဂလိကဘဏ်များသည်သတ်မှတ်ထားသောအချိုးပြည့်မီရန်အစိုးရငွေတိုက်စာချုပ်များ ဝယ်ယူထားကြောင်းတွေ့ရပါသည်။

နိုင်ငံပိုင်ဘဏ်များ၏အစိုးရငွေတိုက်စာချုပ် ပိုင်ဆိုင်ထားမှုကိုချန်လှပ်၍ အခြားလက်ငင်း ရရန်ပိုင်ခွင့်များနှင့် လက်ငင်းပေးရန်တာဝန်များ၏ အချိုးမှာ (၂၀၁၄-၂၀၁၅) ဘဏ္ဍာနှစ်တွင် (၇၃.၇၁%)၊ (၂၀၁၃-၂၀၁၄) ဘဏ္ဍာနှစ်တွင် (၇၈.၉၆%) ရှိသဖြင့် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် (၅.၂၅%) လျော့နည်းခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံပိုင်ဘဏ်များ၏ ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်များအခြေအနေအား ပုံ (၅)နှင့် ပုံ(၆) ဖြင့် ဖော်ပြထားပါသည်။




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**ချေးငွေနှင့်အပ်ငွေအချိုး (Loan to Deposit Ratio)**

ဘဏ်လုပ်ငန်းကဏ္ဍ၏ ချေးငွေနှင့်အပ်ငွေအချိုးမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် (၅၄.၄၁%) ရှိပြီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် (၄၇.၅၃%) ရှိခဲ့သဖြင့် ယမန်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင် (၆.၈၈%) တိုးတက်ခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ ချေးငွေနှင့်အပ်ငွေအချိုးမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် (၆၇.၇၀%) ရှိပြီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် (၆၇.၀၃%)ရှိခဲ့သဖြင့် ယမန်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် (၀.၆၇%) တိုးလာကြောင်း တွေ့ရပါသည်။ ဘဏ်များအနေဖြင့် ဗဟိုဘဏ်မှ သတ်မှတ်ထားသော သီးသန့်ငွေအချိုး (၁၀%) နှင့် ငွေကြေးလွယ်ကူမှုအချိုး (၂၀%)ကို ချန်လှပ်၍ လက်ခံထားသောအပ်ငွေအပေါ် (၇၀%) ထုတ်ချေးပါသည်။ ဘဏ်များသည် အစိုးရငွေတိုက်စာချုပ်များ ဝယ်ယူထားပြီး ဆုံးရှုံးနိုင်ခြေကို ကာကွယ်ထားကြောင်းတွေ့ရပါသည်။ တစ်ဖက်တွင်မူ ဘဏ်များအနေဖြင့် စံမီသောချေးငွေများကို ပိုမိုထုတ်ချေးမှသာ တိုင်းပြည်၏ ထုတ်လုပ်မှုကဏ္ဍတိုးတက်ရန် အထောက်အကူပေးနိုင်မည်ဖြစ်၍ စံမီသောချေးငွေများကို ပိုမိုထုတ်ချေးသင့်ကြောင်း တွေ့ရှိရပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ ချေးငွေနှင့်အပ်ငွေအချိုးမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် (၃၀.၇၁%) ရှိပြီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် (၂၄.၄၂%)ရှိခဲ့သဖြင့် ယမန်နှစ် အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် (၆.၂၉%)တက်လာခဲ့ပါသည်။

**ငွေသားကိုင်ဆောင်မှုနှင့်စုစုပေါင်းရရန်ပိုင်ခွင့် (Cashto TotalAssets)**

ဘဏ်လုပ်ငန်းကဏ္ဍ၏ ငွေသားကိုင်ဆောင်ထားမှုနှင့် စုစုပေါင်းရရန်ပိုင်ခွင့်အချိုးမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် (၃၄.၉၂%) ရှိပြီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် (၅၆.၈၇%) ရှိခဲ့သဖြင့် ယမန်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် (၂၁.၉၅%) လျော့နည်းခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ ငွေသားကိုင်ဆောင်ထားမှုနှင့် စုစုပေါင်းရရန်ပိုင်ခွင့်အချိုးမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် (၂၂.၀၆%) ရှိပြီး၊ (၂၀၁၃-၂၀၁၄) ဘဏ္ဍာနှစ်တွင် (၁၈.၁၅%) ရှိသဖြင့် ယမန်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါ က (၃.၉၁%) တိုးလာကြောင်း တွေ့ရပါသည်။ ပုဂ္ဂလိကဘဏ်များ၏ စုစုပေါင်းရရန်ပိုင်ခွင့်တွင် (၂၂.၀၆%) မှာ ငွေသားကိုင်ဆောင်ထားမှုကြောင့် Non-earning Assets များဖြစ်၍ ငွေဖြစ်လွယ်သော်လည်းဝင်ငွေမရနိုင်ကြောင်း တွေ့ရပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ ငွေသားကိုင်ဆောင်ထားမှုနှင့် စုစုပေါင်းရရန်ပိုင်ခွင့်အချိုးမှာ (၂၀၁၄-၂၀၁၅) ဘဏ္ဍာနှစ်တွင် (၄၆.၆၅%) ရှိပြီး၊ (၂၀၁၃-၂၀၁၄) ဘဏ္ဍာနှစ်တွင် (၈၂.၀၉%) ရှိသဖြင့် ယမန်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့်(၃၅.၄၄%) လျော့နည်းသွားပါသည်။

**စုစုပေါင်းချေးငွေနှင့်စုစုပေါင်းရရန်ပိုင်ခွင့်အချိုး (Loan to Total Assets)**

ဘဏ်လုပ်ငန်းကဏ္ဍ၏ ချေးငွေနှင့်စုစုပေါင်းရရန်ပိုင်ခွင့်အချိုးမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် (၃၄.၉၅%) ရှိပြီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် (၂၈.၆၉%) ရှိခဲ့သဖြင့် ယမန်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် (၆.၂၆%)တက်လာခဲ့ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ ချေးငွေနှင့်စုစုပေါင်းရရန်ပိုင်ခွင့်အချိုးမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် (၅၈.၃၉%) ရှိပြီး၊ (၂၀၁၃-၂၀၁၄) ဘဏ္ဍာနှစ်ကုန်တွင် (၅၅.၆၄%) ရှိသဖြင့် ယမန်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင် (၂.၇၅%) တိုးလာကြောင်းတွေ့ရပါသည်။ ချေးငွေ ထုတ်ချေးထားမှုမှာ စုစုပေါင်းရရန်ပိုင်ခွင့်၏ (၅၀%) နှင့်အထက်ရှိ၍ ချေးငွေများကို ယခုထက်ပို၍ ထုတ်ချေးနိုင်ကြောင်းတွေ့ရပြီး ပုဂ္ဂလိကဘဏ်များအနေဖြင့် ၎င်းတို့၏ စုစုပေါင်းရရန်ပိုင်ခွင့်များအပေါ် (၅၀%) ထုတ်ချေးထားပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ ချေးငွေနှင့်စုစုပေါင်းရရန်ပိုင်ခွင့်အချိုးမှာ (၂၀၁၄-၂၀၁၅) ဘဏ္ဍာနှစ်ကုန်တွင် (၁၃.၅၅%)၊ (၂၀၁၃-၂၀၁၄) ဘဏ္ဍာနှစ်ကုန်တွင် (၁၁.၁၄%) ရှိသဖြင့် ယမန်နှစ် အလားတူကာလ နှင့်နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် (၂.၄၁%) တက်လာခဲ့ပါသည်။

**ရင်းနှီးမြှုပ်နှံမှုများအပေါ်ပြန်ရချက် (Net Income to Total Capital-ROE)**

ဘဏ်လုပ်ငန်းကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှုများအပေါ် ပြန်ရချက် (ROE) မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် (၂၆.၅၅%) ရှိပြီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် (၄၇.၄၄%) ရှိခဲ့သဖြင့် ယမန်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်ပါက ရင်းနှီးမြှုပ်နှံမှုအပေါ်ပြန်ရချက် (၂၀.၈၉%) လျော့နည်း သွားပါသည်။

ပုဂ္ဂလိကဘဏ်များ၏ ရင်းနှီးမြှုပ်နှံမှုများအပေါ် ပြန်ရချက်(ROE)မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် (၂၂.၆၂%) ရှိပြီး၊ (၂၀၁၃-၂၀၁၄) ဘဏ္ဍာနှစ်တွင် (၃၁.၄၉%) ရှိသဖြင့် ယမန်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင် (၈.၈၇%) လျော့နည်းသွားကြောင်းတွေ့ရသဖြင့် ပုဂ္ဂလိက ဘဏ်များ၏ ရင်းနှီးမြှုပ်နှံမှုအပေါ် ပြန်ရချက်ဝင်ငွေမြင့်မားအောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာဘဏ်၏အစုရှယ်ယာရှင်များ၏ ယုံကြည်မှုပိုမိုမြင့်မားလာမည်ဖြစ်ပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ ရင်းနှီးမြှုပ်နှံမှုအပေါ် ပြန်ရချက် (ROE) အချိုးမှာ (၂၀၁၄-၂၀၁၅) ဘဏ္ဍာနှစ်တွင် (၇၆.၃၃%)၊ (၂၀၁၃-၂၀၁၄) ဘဏ္ဍာနှစ်တွင် (၄၀၉.၈၃%) ရှိသဖြင့် ယမန်နှစ် အလားတူ ကာလ နှင့်နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် (၃၃၃.၅၀%) လျော့နည်းခဲ့ပါသည်။

**ရရန်ပိုင်ခွင့်များအပေါ်ပြန်ရချက် (Net Income to Total Assets)**

ဘဏ်လုပ်ငန်းကဏ္ဍ၏ ရရန်ပိုင်ခွင့်များအပေါ်ပြန်ရချက်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကုန်တွင် (၀.၈၈%) ရှိပြီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် (၁.၄၀%) ရှိခဲ့သဖြင့် ယမန်နှစ် အလားတူ ကာလနှင့်နှိုင်းယှဉ်ပါက ရရန်ပိုင်ခွင့်များအပေါ်ပြန်ရချက်(၀.၅၂%) လျော့နည်းသွားကြောင်းတွေ့ရှိရ ပါသည်။

ပုဂ္ဂလိကဘဏ်များ၏ ရရန်ပိုင်ခွင့်များအပေါ်ပြန်ရချက်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် (၁.၄၆%)ရှိပြီး၊(၂၀၁၃-၂၀၁၄) ဘဏ္ဍာနှစ်တွင် (၂.၂၅%) ရှိသဖြင့် ယမန်နှစ် အလားတ ကာလနှင့်နှိုင်းယှဉ်လျှင် (၀.၇၉%) လျော့နည်းသွားကြောင်း တွေ့ရပါသည်။ ဘဏ်များ၏ စုစုပေါင်း ရရန်ပိုင်ခွင့်တွင် ချေးငွေများမှာ အများဆုံးပါဝင်၍ အရည်အသွေးမီချေးငွေများကသာ ဆုံးရှုံးမှု

နည်းပါးစေပြီး ဘဏ်၏ဝင်ငွေရရှိနိုင်မည်ဖြစ်၍ အမြတ်ပြန်ရချက် ကောင်းမွန်ရန် အရည်အသွေး ရှိသောဝင်ငွေရနိုင်သော ရရန်ပိုင်ခွင့်များကိုသာ ဘဏ်များမှရင်းနှီးမြှုပ်နှံသင့်ပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ ရရန်ပိုင်ခွင့်များအပေါ် ပြန်ရချက် (ROA) အချိုးမှာ (၂၀၁၄-၂၀၁၅) ဘဏ္ဍာနှစ်တွင် (၀.၃၅%) ရှိပြီး၊ (၂၀၁၃-၂၀၁၄) ဘဏ္ဍာနှစ်တွင် (၀.၈၄%) ရှိသဖြင့် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်း အားဖြင့် (၀.၄၉%) လျော့နည်းခဲ့ပါသည်။

**မတည်ရင်းနှီးငွေနှင့်ဆုံးရှုံးနိုင်ခြေရှိသော ရရန်ပိုင်ခွင့်များအချိုး (Total Capital to Risk Weighted Assets)**

မြန်မာနိုင်ငံတွင်မြေနှင့်အဆောက်အဦအာမခံဖြင့် ချေးငွေထုတ်ချေးမှု ရာခိုင်နှုန်းမှာများ ပြားနေသည့်အတွက် မြေနှင့်အဆောက်အဦဈေးနှုန်းများ ရုတ်တရက်ကျဆင်းသွားပါ က ငွေဖြစ်လွယ်မှုအချိုး ကျဆင်းသွားပြီး ငွေရေးကြေးရေး အကျပ်အတည်း ဖြစ်ပေါ်မှုဆီသို့ ဦးတည် သွားနိုင်ပါသည်။ ယင်းအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ရပိုင်ခွင့်များပေါ်တွင် ဆုံးရှုံးနိုင်ခြေ (Risk Weight) အလေးပေးကိန်းအသုံးပြု၍တွက်ချက်သည့်မတည်ရင်းနှီးငွေလုံလောက်မှုအချိုး ညွှန်ကြားချက်အသစ်အားထုတ်ပြန်ရန် ပြင်ဆင်ထားပါသည်။

ပုဂ္ဂလိကဘဏ်များ၏ မတည်ရင်းနှီးငွေနှင့်ဆုံးရှုံးနိုင်ခြေရှိသောရရန်ပိုင်ခွင့်များအချိုးမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် (၂၁.၃၉%) ရှိပြီး၊ (၂၀၁၃-၂၀၁၄) ဘဏ္ဍာနှစ်တွင် (၂၄.၇၅%) ရှိသဖြင့် ယမန်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင်(၃.၃၆%)လျော့နည်းသွားကြောင်း တွေ့ရပါသည်။ ဗဟိုဘဏ်မှ သတ်မှတ်ထားသည့် အနည်းဆုံးမတည်ရင်းနှီးငွေလုံလောက်မှုအချိုး(၁၀%)ကိုပြည့်မီ ကြောင်း တွေ့ရှိရပါသည်။ ဘဏ်များအနေဖြင့်ဆုံးရှုံးနိုင်ခြေကို ခံနိုင်ရည်ရှိရန် မတည်ရင်းနှီးငွေကို ထပ်မံတိုးမြှင့်ရန်နှင့် တစ်ဖက်တွင်လည်း ဘဏ်၏ Assets များသည် အရည်အသွေးရှိသည့် ဆုံးရှုံးနိုင်ခြေနည်းသည့် ရရန်ပိုင်ခွင့်များဖြစ်ရန် လိုအပ်ပါသည်။

နိုင်ငံပိုင်ဘဏ်များ၏ မတည်ငွေရင်းလုံလောက်မှုအချိုးမှာ (၂၀၁၄-၂၀၁၅) ဘဏ္ဍာနှစ်တွင် (၁၇.၁၆%)ရှိပြီး၊ (၂၀၁၃-၂၀၁၄) ဘဏ္ဍာနှစ်တွင် (၁၉.၅၃%) ရှိသဖြင့် ယမန်နှစ် အလားတူကာလ နှင့်နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် (၂.၃၇%) လျော့နည်းခဲ့ပါသည်။

**ငွေရေးကြေးရေးကုမ္ပဏီများအားကြီးကြပ်စစ်ဆေးခြင်း**

ငွေရေးကြေးရေးကုမ္ပဏီများသည် အများပြည်သူထံမှ အပ်ငွေများမဟုတ်သော အခြား နည်းဖြင့်စုစည်းရရှိသည့် ရန်ပုံငွေများဖြင့် ကုန်ပစ္စည်းဝယ်ယူနိုင်ရန်လည်းကောင်း၊ ဝန်ဆောင်မှု

များအတွက် သုံးစွဲနိုင်ရန်လည်းကောင်း၊ ချေးငွေများထုတ်ပေးခြင်းကို အဓိကထား၍ ဆောင်ရွက်ကြပါသည်။ ၎င်းအပြင်ငှားဝယ်စနစ်(Hire Purchase)ဖြင့်လည်း ငွေရေးကြေးရေးကုမ္ပဏီများမှ ဝန်ဆောင်မှုပေးရာပုံမှန်ဝင်ငွေရှိသော်လည်း တန်ဖိုးကြီးသော လူသုံးကုန်ပစ္စည်းများ တစ်လုံးတစ်ခဲတည်း မပေးချေနိုင်သူများအတွက် အရစ်ကျပြန်လည် ပေးဆပ်နိုင်ရန် ငွေရေး ကြေးရေး ကုမ္ပဏီတစ်ခုချင်းအလိုက် စည်းကမ်းချက်များ၊ လူပုဂ္ဂိုလ်အာမခံချက်များဖြင့် ဆောင်ရွက်ပါသည်။ ငွေရေးကြေးရေးကုမ္ပဏီများသည် လစဉ်ယင်းတို့၏စုစုပေါင်းဝင်ငွေ၊သုံးငွေ၊ ချေးငွေ ရှင်းတမ်းများနှင့် မတည်ငွေရင်းလုံလောက်မှုအချိုးများ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့တင်ပြရပြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ Off-site Monitoring ပြုလုပ်၍စိစစ်သုံးသပ်ပါသည်။ ငွေရေးကြေးရေးကုမ္ပဏီများသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ချေးငွေထုတ်ပေးခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပြီး၊ ငွေရေးကြေးရေးကုမ္ပဏီများ၏ ချေးငွေအခြေအနေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျပ် ၁၆,၅၄၁.၃၈ သန်းရှိကြောင်း တွေ့ရပါသည်။ ငွေရေးကြေးရေးကုမ္ပဏီများ၏ ချေးငွေအခြေအနေအား ပုံ (၇)၊ ရရန်ပိုင်ခွင့်အခြေအနေအား ပုံ(၈) ဖြင့် ဖော်ပြထားပါသည်။




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ငွေရေးကြေးရေးကုမ္ပဏီများ၏ ဝင်ငွေ၊ သုံးငွေအခြေအနေတွင် မြတ်နန်းယုံနှင့် မဟာဘောဂ ကုမ္ပဏီလီမိတက်တို့မှအပ ကျန်ငွေရေးကြေးရေးကုမ္ပဏီများအနေဖြင့် အမြတ် ဖြစ်ပေါ်ကြောင်း တွေ့ရှိရပါသည်။ အရှုံးဖြစ်ပေါ်နေသော ငွေရေးကြေးရေးကုမ္ပဏီများအနေဖြင့် လုပ်ငန်း ဆောင်ရွက်မှုမှ အမြတ်ရရှိစေရန်အတွက် ဝင်ငွေရရှိစေမည့်ချေးငွေ တိုးမြှင့်ထုတ်ချေးခြင်း၊ ငှားရောင်း

ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်းသုံးသပ်တွေ့ရှိရပါသည်။ ငွေရေးကြေးရေးကုမ္ပဏီများ၏ ဝင်ငွေ၊ သုံးငွေ အခြေအနေအား ပုံ(၉) ဖြင့် ဖော်ပြထားပါသည်။

ပုံ(၉) ငွေရေးကြေးရေးကုမ္ပဏီများ၏ ဝင်ငွေ/သုံးငွေအခြေအနေ




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## အခန်း(၄)

## ငွေရေးကြေးရေးကဏ္ဍဖြစ်ပေါ်တိုးတက်မှုများ

### ဥပဒေရေးရာနှင့် ကြပ်မတ်ကွပ်ကဲမှုဆိုင်ရာတိုးတက်မှုများ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်မှုရရှိစေရန်နှင့် ဘဏ်လုပ်ငန်းကဏ္ဍ စွမ်းဆောင်ရည်ပြည့်ဝစွာ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းအားဖြင့် ခေတ်မီ ဆန်းသစ်၍ အစဉ်ဖွံ့ဖြိုးတိုးတက်သည့် ဘဏ်လုပ်ငန်းကဏ္ဍဖြစ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အားလျော်စွာ ငွေရေးကြေးရေးကဏ္ဍနှင့် ၎င်းကဏ္ဍဆက်စပ်နေသည့် ဥပဒေများလိုက်လျောညီထွေဖြစ်စေရန် လွန်စွာအရေးကြီးပါသည်။ သို့ဖြစ်ရာ ၁၉၉၀၊ မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအား ကမ္ဘာ့ဘဏ်၏ ကျွမ်းကျင်မှုအကူအညီရယူ၍ အသစ်ပြန်လည်ရေးဆွဲခဲ့ပါသည်။ ပြည်သူ့လွှတ်တော်သို့ တင်ပြခဲ့သည့် အဆိုပါ ဥပဒေကြမ်းအပေါ် ဆွေးနွေးသုံးသပ်ခြင်းကို ပြည်သူ့လွှတ်တော်သည် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ဥပဒေသစ်သည် အနာဂတ်ကာလတွင် ငွေရေးကြေးရေးအဖွဲ့အစည်းများဆောင်ရွက်နိုင်သည့်လုပ်ငန်းများ၊ နိုင်ငံတကာလိုက်နာကျင့်သုံးနေသည့် အကောင်းဆုံးလုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များ အကျုံးဝင်ပါသဖြင့် ပိုမိုကျယ်ပြန့်ခေတ်မီသည့် ဥပဒေမူကြမ်းတစ်ခုဖြစ်ပါသည်။

လယ်ယာကဏ္ဍနှင့် တောင်သူလယ်သမားများ၏လူနေမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်ဖွဲ့စည်းတည်ထောင်လုပ်ကိုင်ခြင်းနှင့်သက်ဆိုင်သောစည်းမျဉ်းအမိန့်ကြော်ငြာစာအမှတ်၊ (၃/၂၀၁၄) အား ၂၀၁၄ခုနှစ်၊ဇူလိုင်လ ၃၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါစည်းမျဉ်းတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်း တောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ် တည်ထောင်ဆောင်ရွက်ခွင့်နှင့်အသစ်တည်ထောင်သည့် တောင်သူလယ်သမားများဖွံ့ဖြိုးတိုးတက်ရေးဘဏ်များအနေဖြင့်ဆောင်ရွက်နိုင်သည့်လုပ်ငန်းများ အကျုံးဝင်ပါရှိပါသည်။

၂၀၁၂ ခုနှစ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းအား ညွှန်ကြားချက်အမှတ် (၇/၂၀၁၄) ဖြင့် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မအရ ချေးငွေသတင်းအချက်အလက်ဌာန တည်ထောင်ဆောင်ရွက်ခွင့်ရှိသဖြင့် ကမ္ဘာ့ဘဏ် အုပ်စုဖြစ်သည့် IFC၏အကူအညီဖြင့် ချေးငွေသတင်းပေးပို့ခြင်းစနစ်ဆိုင်ရာ စည်းမျဉ်းအားရေးဆွဲလျက်ရှိပါသည်။ အဆိုပါစည်းမျဉ်းသည် ချေးငွေသတင်းပေးပို့ခြင်းစနစ်တိုးတက်စေရန် ခြေလှမ်းတစ်ရပ်ဖြစ်ပြီး အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသို့ချေးငွေပံ့ပိုးပေးခြင်းဖြင့် ငွေရေးကြေးရေးဝန်ဆောင်မှုအား လက်လှမ်းမီရရှိလာနိုင်မည်ဖြစ်ပါသည်။

မတည်ရင်းနှီးငွေသည် ဘဏ်များ၏ နေ့စဉ်ဘဏ်လုပ်ငန်းတွင် မမျှော်မှန်းနိုင်သည့် ဆုံးရှုံးနိုင်မှုများအားကြားခံထိန်းညှိပေးနိုင်သည့်အတွက် ဘဏ်များ၏ အနည်းဆုံးထားရှိရမည့် သီးသန့်ငွေအား မြှင့်တင်သင့်ပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဘဏ်များအား ၎င်းတို့၏မတည်ရင်းနှီးငွေအား ကျပ် ၂၀ ဘီလီယံသို့ တိုးမြှင့်ထားရှိရန် ညွှန်ကြားချက်အား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ညွှန်ကြားချက်အမှတ်၊ (၉/၂၀၁၄)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

လက်ရှိထုတ်ပြန်ထားသည့်မိုဘိုင်းဘဏ်လုပ်ငန်းဆိုင်ရာညွှန်ကြားချက်(ညွှန်ကြားချက် အမှတ် ၄/၂၀၁၃)သည် ဘဏ်ဦးဆောင်မှုစနစ်ဖြစ်ပြီး ဖောက်သည်များအား ဝန်ဆောင်မှုပေးခြင်းနှင့် ငွေသွင်း၊ငွေထုတ်ဆောင်ရွက်ခြင်းများအတွက် ဘဏ်များအနေဖြင့် ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်မှုပေးသူများနှင့်မိုဘိုင်းကွန်ရက်အော်ပရေတာများအားအဆိုပါဘဏ်၏ကိုယ်စားလှယ်အဖြစ်ခန့်အပ်၍မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုများဆောင်ရွက်ပေးနိုင်ပါသည်။စွမ်းဆောင်ရည်ပြည့်ဝပြီး လုံခြုံစိတ်ချရသည့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုအတွက် ကြပ်မတ်ကွပ်ကဲမှု ဝန်းကျင်တစ်ရပ်ဖြစ်ပေါ်စေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ကမ္ဘာ့ဘဏ်နှင့် CGAP တို့၏အကူအညီဖြင့် မိုဘိုင်း ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ စည်းမျဉ်းအား၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်၍ ရေးဆွဲလျက်ရှိပါသည်။

**ငွေရေးကြေးရေးကဏ္ဍ ဆိုင်ရာဖြေလျှော့ဆောင်ရွက်မှုများ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု မူဘောင်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍဆိုင်ရာဖြေလျှော့ဆောင်ရွက်မှုများအား ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဖြေလျှော့ဆောင်ရွက်မှုများကို နိုင်ငံခြားဘဏ်များသို့ မြန်မာနိုင်ငံအတွင်း ဘဏ်ခွဲဖွင့်လှစ်ခွင့်လိုင်စင်ပေးအပ်ရေး စတင်ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံခြားဘဏ်များ၏ မြန်မာနိုင်ငံအတွင်းဘဏ်လုပ်ငန်းဆောင်ရွက်ခွင့် လျှောက်လွှာများအား လက်ခံရရှိပြီးနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌဦးဆောင်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ ပါဝင်သည့် အဖွဲ့ဝင်(၈) ဦးတို့ဖြင့် ဖွဲ့စည်းထားသော နိုင်ငံခြားဘဏ်များ ရွေးချယ်ရေးအဖွဲ့မှ အောက်ပါ နိုင်ငံခြားဘဏ် (၉) ဘဏ်သို့ မြန်မာနိုင်ငံအတွင်း ဘဏ်လုပ်ငန်းစတင်ဆောင်ရွက်ရေး ပြင်ဆင်ဆောင်ရွက်ရန်အတွက် ၁.၁.၂၀၁၄ ရက်နေ့တွင် ကနဦးအတည်ပြုချက် ထုတ်ပေးခဲ့ပါသည်။

- Australia and New Zealand Banking Group Limited (ANZ)
- Bangkok Bank Public Company Limited
- The Bank of Tokyo-Mitsubishi UFJ (BTMU)
- Industrial and Commercial Bank of China (ICBC)
- Malayan Banking Berhad (Maybank)
- Mizuho Bank Limited
- Oversea-Chinese Banking Corporation (OCBC)
- Sumitomo Mitsui Banking Corporation (SMBC)
- United Overseas Bank Limited (UOB)

ကနဦးအတည်ပြုချက်ရရှိသော နိုင်ငံခြားဘဏ်များအနေဖြင့် အဆိုပြုတင်ပြချက် (လျှောက်လွှာ) ပါဝင်းတို့၏ဝန်ခံကတိပြုချက်များအား (၁) နှစ်အတွင်းပြီးမြောက်အောင် ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါ လိုအပ်ချက်များ (Requirement) အားဖြည့်ဆည်းဆောင်ရွက်ပြီးမြောက်မှုအပေါ်မူတည်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားဘဏ်များသို့

မြန်မာနိုင်ငံအတွင်း ဘဏ်ခွဲဖွင့်လှစ်ခွင့်လိုင်စင်အား ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ (၁) နှစ်အတွင်း ပေးအပ်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း ဘဏ်လုပ်ငန်းဆောင်ရွက်ရန် နိုင်ငံခြားဘဏ်(၉) ခုသို့ ကနဦး အတည်ပြုချက်မထုတ်ပေးမိက မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံး (၄၂) ခုနှင့် နိုင်ငံခြားငွေရေးကြေးရေးကုမ္ပဏီ၏ ကိုယ်စားလှယ်ရုံး(၁)ခုရှိပါသည်။ နိုင်ငံခြားဘဏ်(၉) ခုသို့ ကနဦး အတည်ပြုချက်ထုတ်ပေးပြီးနောက် နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးအရေအတွက်မှာ (၃၃) ခုဖြစ်ပြီး၊ နိုင်ငံခြားငွေရေးကြေးရေးကုမ္ပဏီ၏ ကိုယ်စားလှယ်ရုံးအရေအတွက်မှာ (၁)ခုဖြစ်ပါသည်။

ငွေကြေးမူဝါဒ၏ အဓိကအခရာဖြစ်ပြီး ငွေရေးကြေးရေးစနစ်၏ အသက်သွေးကြောဖြစ်သည့် ဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ရွှေ (ကျေးလက်နှင့် မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်သို့ ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်း ဆောင်ရွက်ခွင့်လိုင်စင်အား (၂၈-၇-၂၀၁၄) ရက်နေ့တွင် ထုတ်ပေးခဲ့ပြီး၍ လက်ရှိတွင် ပုဂ္ဂလိကဘဏ်(၂၂) ဘဏ်ရှိသဖြင့် ယခုအခါ မြန်မာနိုင်ငံတွင် စုစုပေါင်း ပြည်တွင်း ပုဂ္ဂလိကဘဏ် (၂၃) ဘဏ် ရှိပြီးဖြစ်ပါသည်။

**ငွေရေးကြေးရေးပါဝင်မှု (Financial Inclusion) တိုးတက်ဆောင်ရွက်မှုများ**

ငွေရေးကြေးရေးပါဝင်မှုသည်နိုင်ငံစီးပွားရေးတိုးတက်မှုအား အဓိက မောင်းနှင်သည့် အချက်ဖြစ်ရာ ပြည်သူများချမ်းသာကြွယ်ဝမှုအတွက် ကောင်းကျိုးများကို သယ်ဆောင်နိုင်သဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေရေးကြေးရေးပါဝင်မှုလုပ်ငန်းစဉ်ချမှတ် ဆောင်ရွက်လျက် ရှိပါသည်။

**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ**

ဘဏ်လုပ်ငန်းသည် မြန်မာ့ငွေရေးကြေးရေးတွင်အကြီးဆုံးကဏ္ဍဖြစ်သဖြင့် ကြပ်မတ်ကွပ်ကဲခြင်းနှင့်ကြီးကြပ်စစ်ဆေးခြင်းဆိုင်ရာ အဖွဲ့အစည်းဖြစ်သော မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ် လုပ်ငန်းကဏ္ဍအတွက် ကြပ်မတ်ကွပ်ကဲရေးနှင့်ကြီးကြပ်စစ်ဆေးခြင်းဆိုင်ရာမူဘောင်ကို အားကောင်းခိုင်မာစေရန်အတွက် နည်းလမ်းအမျိုးမျိုးဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းဖြင့် AML/ CFT အားနည်းချက်များကိုဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ကမ္ဘာ့နိုင်ငံများမှ AML/ CFT ကျွမ်းကျင် ပညာရှင်များနှင့်ပူးပေါင်း၍နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ AML/CFTဆိုင်ရာ အသိဉာဏ်မြင့်မားစေရန် ပြည်တွင်းဘဏ်များကို သင်တန်းပေးလျက်ရှိပါသည်။၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း IMF၊ US Treasury၊ Standard Chartered Bank၊ OCBC စသည်တို့နှင့်ပူးပေါင်း၍ စွမ်းရည်မြှင့်တင်ခြင်းနှင့်အသိပညာတိုးမြှင့်ခြင်း သင်တန်း ၄ခုကို ပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် တားဆီးနှိမ်နင်းရေးအဖွဲ့များဖြစ်သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ အကြမ်းဖက်တိုက်ဖျက်ရေးဗဟိုအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့ကဲ့သို့သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါအဖွဲ့အစည်းများက စုံစမ်းစစ်ဆေးပေါ်ပေါက်သည့် အမှုများနှင့် စပ်လျဉ်း၍ ပြည်တွင်းလူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများက ဘဏ်များတွင်ဆက်သွယ်ဆောင်ရွက်ခဲ့သည့် ငွေရေးကြေးရေးဆောင်ရွက်ချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဘဏ်များသို့ သတင်းအချက်အလက်များတောင်းခံ၍ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဆက်လက် ပြန်ကြားပေးခြင်းများနှင့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများ၏ ငွေကြေးနှင့်ပိုင်ဆိုင်မှုများကို အမှုစုံစမ်းစစ်ဆေးစဉ်ကာလအတွင်း ငွေသွင်း/ငွေထုတ်ပြုလုပ်ခြင်းမှ ယာယီရပ်ဆိုင်းထားရန် ဘဏ်များသို့ ညွှန်ကြားခဲ့ပါသည်။ ၂၀၁၄ ခုနှစ် ဧပြီလမှမတ်လအတွင်း စုံစမ်းမေးမြန်းချက် ၁၃ ခုအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှဘဏ်များသို့ မေးမြန်းဖြေကြားပေးခဲ့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ အမိန့်ထုတ်ပြန်၍ ဖွဲ့စည်းသည့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့များတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ဖွဲ့စည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးအဆင့်ရှိ အရာထမ်းများကို တာဝန်ပေးအပ်ခဲ့ပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ယင်းကဲ့သို့သော အဖွဲ့ (၄) ဖွဲ့တွင် တာဝန်ပေးအပ်ခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအကြား ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် ငွေရေးကြေးရေးကဏ္ဍကျွမ်းကျင်မှုကူညီ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (COFTAM) ကို ၂၀၁၄ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး၊ ယင်း (COFTAM) အောက်ရှိ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအုပ်စုခွဲ (AML/CFT Sub Group) အား

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ ဗြိတိန်နိုင်ငံသံရုံး၊ ဂျပန်နိုင်ငံသံရုံး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် တို့မှ ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားပါသည်။

AML/CFT အား အကောင်အထည်ဖော်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဆောင်ရွက်သောပဏာမလုပ်ဆောင်ချက်များရှိပါသည်။ AML/CFT ဥပဒေရေးရာမူဘောင်တစ်ရပ်လုံး အားကောင်းခိုင်မာစေရန်နှင့် FATF အကြံပြုချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အား အကူအညီပေးရန်ရည်ရွယ်၍ ဂျပန်အစိုးရ၏ ငွေကြေးအထောက်အပံ့ဖြင့် IMF ကျွမ်းကျင်မှုအကူအညီပေးရေးစီမံချက်အောက်မှ ကြီးကြပ် စစ်ဆေးခြင်းဆိုင်ရာနည်းလမ်းများကို ထုတ်ပြန်ရန် ဆောင်ရွက်ခဲ့ပြီး၊ ရလဒ်အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ(၂၇) ရက်နေ့ကဘဏ်များအတွက် ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်ကိုထုတ်ပြန်ခဲ့ပါသည်။ ထို့ပြင်အများပြည်သူသို့ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြပါရှိသည့် FATF ၏ သတ်မှတ်ချက်များကို ဖြေရှင်း ဆောင်ရွက်သည့်အနေဖြင့် ဆုံးရှုံးနိုင်ခြေအခြေပြုဖောက်သည်၏ သတင်းအချက်အလက်များအား ဝီရိယပြုရယူစိစစ်ခြင်း (CDD) ဆိုင်ရာ ညွှန်ကြားချက်အား IMF ၏အကူအညီဖြင့် ရေးဆွဲလျက်ရှိပြီးမကြာမီထုတ်ပြန်မည်ဖြစ်ပါသည်။

AML/CFT နယ်ပယ်တွင် အဓိကဦးစီးဆောင်ရွက်သော အဖွဲ့အစည်းဖြစ်သည့်ပြည်ထဲရေးဝန်ကြီးဌာနက ၂၀၁၄ ခုနှစ် မတ်လတွင် ထုတ်ပြန်ခဲ့သော ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် ၂၀၁၄ ခုနှစ် ဇွန်လ ၄ ရက်နေ့တွင်ထုတ်ပြန်ခဲ့သော အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအား အကောင်အထည်ဖော်ရန်အတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနည်းဥပဒေနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေတို့ကို ထုတ်ပြန်ရန် အားထုတ်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါနည်းဥပဒေများကို စက်တင်ဘာလတွင် ကျင်းပမည့် APRRG အစည်းအဝေးမတိုင်မီ ထုတ်ပြန်ရန် အချိန်သတ်မှတ်ထားပါသည်။

## အခန်း(၅)

## ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှုစနစ်တိုးတက်ဖြစ်ပေါ်မှုဆောင်ရွက်ချက်များ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုံခြုံမှု နှင့်ထိရောက်မှုရှိသော ငွေပေးချေမှုစနစ်ဖြစ်စေရန် နိုင်ငံတကာစံနှုန်းများနှင့်အညီဒေသ အတွင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လမ်းညွှန်ချက်များနှင့်အညီ ကြိုးပမ်းဆောင်ရွက် လျက်ရှိပါသည်။ ငွေကြေးကိုင်တွယ်မှုလျော့ချရေးနှင့် လက်ရှိငွေပေးချေမှုစနစ်ကို အဆင့်မြှင့်တင်ရန် အတွက် ချက်လက်မှတ်များအသုံးပြုငွေပေးချေခြင်းနှင့် နိုင်ငံတကာကတ်များကိုပြည်တွင်းတွင် အသုံးပြုနိုင်ရန်နှင့် ပြည်တွင်းဘဏ်များ၏ကတ်များကို နိုင်ငံတကာကွန်ယက်တွင် အသုံးပြုနိုင်ရန် အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့်နေပြည်တော်၊ရန်ကုန်၊မန္တလေးတို့တွင်ဘဏ်အချင်းချင်းချက် လက်မှတ် စာရင်းရှင်းလင်းရေးအဖွဲ့ဖွဲ့စည်းပြီး အဖွဲ့ဝင်ဘဏ်အချင်းချင်း စာရင်းရှင်လင်းခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဘဏ်များအဖြစ် နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကပိုင်ဘဏ်များ ပါဝင်ဆောင်ရွက်ပြီး အရေအတွက်အားဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်တွင် (၂၀) ဘဏ်၊ ရန်ကုန်ဘဏ်ခွဲတွင် (၈၀) ဘဏ်နှင့် မန္တလေးဘဏ်ခွဲတွင် (၂၈) ဘဏ်ပါဝင် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ ချက်လက်မှတ်စောင်ရေအားဖြင့် (၈၁၀,၉၁၉) စောင်နှင့် ငွေပမာဏအားဖြင့် ကျပ်သန်း (၂၆,၆၇၁,၁၇၆.၆၆) အား ဘဏ်အချင်းချင်း စာရင်းရှင်းခြင်း နည်းလမ်းအားဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ဘေးကင်းလုံခြုံမြန်ဆန်သော ဘဏ်လုပ်ငန်း ကွန်ယက်စနစ်ပေါ်ပေါက်လာစေရန်အတွက် ဘဏ်လုပ်ငန်းစနစ်တစ်ခုလုံးအား ကွန်ယက်ချိတ်ဆက်ဆောင်ရွက်နိုင်မည့်လုပ်ငန်းကို ၂၀၀၇ခုနှစ်မှ စတင်ပြီး၊ အခြေခံအဆောက်အအုံများ တပ်ဆင်ဆောင်ရွက်ခြင်း၊ ဥပဒေနှင့်အညီဘဏ်များ၏ စာရင်းမှတစ်ဆင့် ငွေသားပေးချေခြင်း စာရင်းပြောင်းခြင်းများ Electronic Fund Transfer (EFT) ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ငွေပေးချေမှုအတွက် ငွေသားကိုင်တွယ်ပေးချေခြင်းမှ လျော့ချနိုင်ရန်အတွက် National Payment Switch တည်ထောင်ရန် E-Payment နှင့် ငွေသားပေးချေမှုဆိုင်ရာ ဝန်ဆောင်မှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် Myanmar Payment Union (MPU) ကို ၂၀၁၁ခုနှစ် စက်တင်ဘာ

(၁၅)ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ အဖွဲ့ဝင်ဘဏ်(၂၁)ဘဏ်မှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ MPU Card အား ATM နှင့် POS များတွင် အသုံးပြုနေပြီဖြစ်ပြီး၊ နိုင်ငံတကာကတ်များဖြစ်သည့် China Union Pay Card ၊ Visa Card ၊ Master Card ၊ JCB Card များကို လက်ခံဆောင်ရွက်လျက်ရှိပါသည်။ MPU Card များအား နိုင်ငံတကာနှင့် ချိတ်ဆက်အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

ပိုမိုလုံခြုံထိရောက်မှုရှိသော ငွေပေးချေမှုအဆောက်အအုံတည်ဆောက်နိုင်ရန်အတွက် ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလမှစ၍ ဂျပန်နိုင်ငံ JICA အကူအညီဖြင့် Project for Modernizing the Funds Payment and Securities Settlement Systems in Myanmar ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ Project တွင် Large Value Payment များအတွက် အချိန်နှင့်တပြေးညီ စာရင်းရှင်းလင်းခြင်းစနစ် (Real Time Gross Settlement Systems )၊ ချက်လက်မှတ်စာရင်းရှင်းလင်းမှုစနစ် (Mechanized Clearing House) များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ဘဏ်များနှင့် Running Test ကို စမ်းသပ်ဆောင်ရွက်လျက်ရှိပြီး၊၂၀၁၆ခုနှစ်၊ဇန်နဝါရီလတွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းပြည်ပငွေပေးချေမှုစနစ်အား စောင့်ကြည့်ကွပ်ကဲနိုင်ရန်အတွက် အီလက်ထရောနစ်စနစ်ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းထားပြီး၊ National Payment Committee ဖွဲ့စည်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားငွေပေးချေမှုကော်မတီ (National Payment Committee NPC) ၏ Vision နှင့် Strategy ချမှတ်နိုင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ နည်းပညာအကူအညီဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံနိုင်ငံများအတွင်း ထိရောက်ကောင်းမွန်သော ငွေပေးချေမှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံနိုင်ငံများ ပါဝင်ဖွဲ့စည်းသည့် လုပ်ငန်းကော်မတီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ငွေပေးချေမှုအတွက် ထုတ်ပြန်ရန်လိုအပ်လျက်ရှိသော ငွေပေးချေမှုစနစ်စည်းမျဉ်းစည်းကမ်းများ Payment System Regulation ရေးဆွဲရန်အတွက် ကမ္ဘာ့ဘဏ် (World Bank) နည်းပညာအကူအညီဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ International Monetary Fund (IMF) အကူအညီဖြင့် Accounting System ကို International Financial Reporting Standard (IFRS) နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး၊ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလတွင် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**ဇယား(၁) (၃၁-၃-၂၀၁၅) ရက်နေ့ထိ နိုင်ငံပိုင်ဘဏ်များ၏ဘဏ်ခွဲစာရင်း**

| စဉ် | ဘဏ်အမည် | ရုံးချုပ်ဘဏ်ခွဲ ရှိရာမြို့ | စတင်တည်ထောင်သည့်နေ့ | (၃၁-၃-၂၀၁၅) ရက်နေ့ထိ ရုံးချုပ်ဘဏ်ခွဲပေါင်း |
|---|---|---|---|---|
| ၁ | မြန်မာ့စီးပွားရေးဘဏ် | နေပြည်တော် | ၂.၄.၁၉၇၆ | ၃၀၄ |
| ၂ | မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | ရန်ကုန် | ၁.၄.၁၉၇၆ | ၁ |
| ၃ | မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် | ရန်ကုန် | ၁.၉.၁၉၉၀ | ၂ |
| ၄ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | ရန်ကုန် | ၁၉၅၃ | ၂၀၆ |
| **စုစုပေါင်း** | | | | ၅၁၃ |

ဇယား(၂) (၃၁.၃.၂၀၁၅) ရက်နေ့ထိ ပြည်တွင်းပုဂ္ဂလိကဘဏ်များမှ ဖွင့်လှစ်ထားသောဘဏ်ခွဲစာရင်း

| စဉ် | ဘဏ်အမည် | ရုံးချုပ်ဘဏ်ခွဲ ရှိရာမြို့ | စတင်တည် ထောင်သည့်နေ့ | (၃၁.၃.၂၀၁၅) ရက်နေ့ထိ ရုံးချုပ်ဘဏ်ခွဲပေါင်း |
|---|---|---|---|---|
| ၁ | မြန်မာနိုင်ငံသားများဘဏ် | နေပြည်တော် | ၂.၆.၁၉၉၂ | ၁၇ |
| ၂ | ပထမပုဂ္ဂလိကဘဏ် | နေပြည်တော် | ၆.၁၀.၁၉၉၂ | ၂၇ |
| ၃ | သမဝါယမဘဏ် | ရန်ကုန် | ၂၅.၅.၂၀၀၄ | ၁၂၈ |
| ၄ | ရတနာပုံဘဏ် | မန္တလေး | ၁၁.၉.၁၉၉၂ | ၃ |
| ၅ | မြဝတီဘဏ် | နေပြည်တော် | ၄.၁.၁၉၉၃ | ၄၁ |
| ၆ | ရန်ကုန်မြို့တော်ဘဏ် | ရန်ကုန် | ၁.၄.၁၉၉၃ | ၅ |
| ၇ | ရိုးမဘဏ် | ရန်ကုန် | ၁၄.၈.၁၉၉၃ | ၅၅ |
| ၈ | မြန်မာအရှေ့တိုင်းဘဏ် | ရန်ကုန် | ၁၈.၁၁.၁၉၉၃ | ၃၂ |
| ၉ | အာရှရန်ကုန်ဘဏ် | ရန်ကုန် | ၁၈.၁၀.၁၉၉၄ | ၁၁ |
| ၁၀ | ထွန်းဖောင်ဒေးရှင်းဘဏ် | နေပြည်တော် | ၁၄.၆.၁၉၉၄ | ၂၁ |
| ၁၁ | ကမ္ဘောဇဘဏ် | နေပြည်တော် | ၁.၇.၁၉၉၄ | ၃၁၉ |
| ၁၂ | အသေးစားနှင့်အလတ်စားစက်မှု လုပ်ငန်းဖွံ့ဖြိုးရေးဘဏ် | နေပြည်တော် | ၁၅.၂.၁၉၉၆ | ၁၆ |
| ၁၃ | ကမ္ဘာ့ရတနာဘဏ် | နေပြည်တော် | ၁၅.၂.၁၉၉၆ | ၁၀၃ |
| ၁၄ | ကျေးလက်ဖွံ့ဖြိုးရေးဘဏ် | နေပြည်တော် | ၄.၇.၁၉၉၆ | ၃ |
| ၁၅ | အင်းဝဘဏ် | ရန်ကုန် | ၂၈.၁၁.၁၉၉၇ | ၄၀ |
| ၁၆ | အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် | နေပြည်တော် | ၆.၈.၂၀၁၀ | ၅၂ |
| ၁၇ | ဧရာဝတီဘဏ် | နေပြည်တော် | ၁၁.၈.၂၀၁၀ | ၁၀၉ |
| ၁၈ | ယူနိုက်တက်အမရာဘဏ် | နေပြည်တော် | ၁၆.၈.၂၀၁၀ | ၄၀ |
| ၁၉ | မြန်မာ့ရှေ့ဆောင်ဘဏ် | နေပြည်တော် | ၁၇.၈.၂၀၁၀ | ၅၉ |
| ၂၀ | နေပြည်တော်စည်ပင်ဘဏ် | နေပြည်တော် | ၂၈.၂.၂၀၁၃ | ၅ |
| ၂၁ | ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် | ရန်ကုန် | ၁၂.၇.၂၀၁၃ | ၆ |
| ၂၂ | မြန်မာ့အသေးစားငွေရေးကြေးရေးဘဏ် | ရန်ကုန် | ၂.၇. ၂၀၁၃ | ၁၀ |
| စုစုပေါင်း | | | | ၁၁၀၂ |

ဇယား(၃) (၃၁.၃.၂၀၁၅) ရက်နေ့ထိ ဖွင့်လှစ်ထားသည့် နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲစာရင်း

| စဉ် | ဘဏ်အမည် | လိုင်စင်ထုတ်ပေးသည့်နေ့ | လုပ်ငန်းစတင်သည့်နေ့ |
|---|---|---|---|
| ၁ | DBS Bank Ltd. | ၁၂.၉.၂၀၀၃ | ၁၂.၉.၂၀၀၃ |
| ၂ | Malayan Banking Berhad (MAY Bank), Malaysia | ၁၂.၈.၁၉၉၄ | ၁၁.၄.၁၉၉၅ |
| ၃ | National Bank Ltd. | ၆.၇.၁၉၉၅ | ၁၆.၇.၁၉၉၅ |
| ၄ | Brunei Investment Bank Limited (BIB) | ၁၈.၉.၁၉၉၅ | ၁.၇.၁၉၉၆ |
| ၅ | First Overseas Bank Limited | ၃၀.၄.၁၉၉၆ | ၁၅.၅.၁၉၉၆ |
| ၆ | CIMB Bank Berhad(New License for Name of Change) | ၁၉.၂.၂၀၀၈ | ၁၉.၂.၂၀၀၈ |
| ၇ | Bank for Investment and Development of Vietnam | ၁.၃.၂၀၁၀ | ၃.၄.၂၀၁၀ |
| ၈ | AB Bank Limited | ၁၀.၁၂.၂၀၁၀ | ၆.၆.၂၀၁၂ |
| ၉ | Siam Commercial Bank Public Company Ltd. | ၂၃.၄.၂၀၁၂ | ၂၃.၁၂.၂၀၁၂ |
| ၁၀ | MARUHAN Japan Bank PLC | ၇.၅.၂၀၁၂ | ၂၈.၇.၂၀၁၂ |
| ၁၁ | Krung Thai Bank Public Company Ltd | ၁၄.၆.၂၀၁၂ | ၂၀.၁၂.၂၀၁၂ |
| ၁၂ | United Bank of India | ၁၉.၆.၂၀၁၂ | ၅.၁၂.၂၀၁၂ |
| ၁၃ | KASIKORNBANK PublicCompany Ltd | ၁၈.၇.၂၀၁၂ | ၉.၁.၂၀၁၃ |
| ၁၄ | Hana Bank | ၂၀.၉.၂၀၁၂ | ၅.၂.၂၀၁၃ |
| ၁၅ | Woori Bank | ၂၅.၁၀.၂၀၁၂ | ၁၅.၁၁.၂၀၁၂ |
| ၁၆ | ANZ Bank | ၆.၁၂.၂၀၁၂ | ၅.၄.၂၀၁၃ |
| ၁၇ | Vietin Bank | ၁၂.၁၂.၂၀၁၂ | ၁.၃.၂၀၁၃ |
| ၁၈ | Korea Development Bank | ၂၇.၁၂.၂၀၁၂ | ၁၂.၆.၂၀၁၃ |
| ၁၉ | Standard Chartered Bank | ၂၇.၁၂.၂၀၁၂ | ၅.၂.၂၀၁၃ |
| ၂၀ | Shinhan Bank | ၁၃.၃.၂၀၁၃ | ၉.၄.၂၀၁၃ |
| ၂၁ | Industrial Bank of Korea | ၁၄.၃.၂၀၁၃ | ၂၃.၄.၂၀၁၃ |
| ၂၂ | First Commercial Bank (New License for Change of Management Office) | ၁၈.၃.၂၀၁၃ | ၃၀.၄.၂၀၁၃ |
| ၂၃ | E.SUN Commercial Bank, Singapore Branch | ၁.၄.၂၀၁၃ | ၁၇.၇.၂၀၁၃ |

ဇယား(၃) အဆက် (၃၁.၃.၂၀၁၅) ရက်နေ့ထိ ဖွင့်လှစ်ထားသည့်နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲစာရင်း

| စဉ် | ဘဏ်အမည် | လိုင်စင်ထုတ်ပေးသည့်နေ့ | လုပ်ငန်းစတင်သည့်နေ့ |
|---|---|---|---|
| ၂၄ | Bank of India(BOI) | ၇.၅.၂၀၁၃ | - |
| ၂၅ | Kookmin Bank | ၄.၆.၂၀၁၃ | ၁၂.၁.၂၀၁၄ |
| ၂၆ | Export-Import Bank of India | ၁၄.၆.၂၀၁၃ | ၉.၉.၂၀၁၃ |
| ၂၇ | Mizuho Corporate Bank Limited<br>( New License for Merger) | ၁၂.၁၁.၂၀၁၃ | ၁၂.၁၁.၂၀၁၃ |
| ၂၈ | The Export Import Bank of Korea | ၁၆.၁၂.၂၀၁၃ | ၂၀.၁.၂၀၁၄ |
| ၂၉ | Easten Bank Limited | ၂၆.၃.၂၀၁၄ | |
| ၃၀ | Bank of Ayudhya Public Company Ltd | ၂၆.၃.၂၀၁၄ | |
| ၃၁ | RHB Bank Berhad | ၂၆.၃.၂၀၁၄ | |
| ၃၂ | Commercial Bank of Ceylone PLC | ၂၆.၃.၂၀၁၄ | ၁.၆.၂၀၁၄ |
| ၃၃ | State Bank of India | ၂၆.၃.၂၀၁၄ | |
| ၃၄ | Cathay United Bank | ၁၁.၄.၂၀၁၄ | |
| ၃၅ | State Bank of Maurities | ၁၁.၄.၂၀၁၄ | |
| ၃၆ | BRED Banque Populaire | ၁၁.၆.၂၀၁၄ | |
| ၃၇ | AEON Credit Service Company | ၂၀.၇.၂၀၁၄ | ၂၁.၉.၂၀၁၂ |

**ဇယား (၄) မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လိုင်စင်ထုတ်ပေးခဲ့သည့် ပြည်တွင်းငွေရေးကြေးရေးကုမ္ပဏီများ စာရင်း**

| စဉ် | ငွေရေးကြေးရေးကုမ္ပဏီအမည် | လိုင်စင်ထုတ်ပေး သည့်နေ့ |
|---|---|---|
| ၁ | အိုရီရင်တယ်လ်လီစင်ကုမ္ပဏီလီမိတက် | ၈-၁-၁၉၉၆ |
| ၂ | မြတ်နန်းယုံငွေရေးကြေးရေးကုမ္ပဏီလီမိတက် | ၂၅-၁-၂၀၁၃ |
| ၃ | ရှုဂျီငွေရေးကြေးရေးကုမ္ပဏီလီမိတက် | ၂၈-၅-၂၀၁၃ |
| ၄ | မဟာဘောဂငွေရေးကြေးရေးကုမ္ပဏီလီမိတက် | ၂၃-၄-၂၀၁၄ |
| ၅ | ရတနာရောင်စဉ်ကုမ္ပဏီလီမိတက် | ၈-၅-၂၀၁၄ |
| ၆ | ရာစုနှစ်ငွေရေးကြေးရေးကုမ္ပဏီလီမိတက် | ၅-၆-၂၀၁၄ |
| ၇ | Win Progress Services Company Limited | ၁၁-၆-၂၀၁၄ |
| ၈ | ဇီကော်ပိုရေးရှင်းကုမ္ပဏီလီမိတက် | ၂၅-၆-၂၀၁၄ |
| ၉ | ကမ္ဘာ့ဆန်းသစ်တီထွင်ငွေရေးကြေးရေး ကုမ္ပဏီလီမိတက် | ၄-၈-၂၀၁၄ |

| | 2013-2014 | | | 2014-2015 | | |
|---|---|---|---|---|---|---|
| | Private | State Owned | Total | Private | State Owned | Total |
| **Liquid Assets exclude bonds** | 2,273,620.60 | 9,350,034.67 | 11,623,655.26 | 3,472,919.57 | 7,910,235.64 | 11,383,155.21 |
| Liquid ASSETS | 4,105,467.60 | 10,740,405.46 | 14,845,873.06 | 5,524,070.99 | 9,382,066.83 | 14,906,137.82 |
| 1. Cash | **2,075,122.42** | **14,414,145.01** | **16,489,267.42** | **3,414,766.49** | **7,910,235.64** | **11,325,002.13** |
| ( 1 ) Cash in hand | 927,340.91 | 87,591.83 | 178,168.01 | 1,484,648.94 | 119,307.64 | 1,603,956.58 |
| ( 2 ) Foreign Currency (FC) | 90,576.18 | 289,075.64 | 625,658.39 | 53,476.14 | 1,391,329.29 | 1,444,805.43 |
| ( 3 ) Balance with CBM | 336,582.75 | 1,401,500.25 | 1,518,626.33 | 392,278.09 | 945,612.12 | 1,337,890.21 |
| ( 4 ) Balance with CBM (FC) | 117,126.08 | 0.00 | 302,038.64 | 29,061.43 | | 29,061.43 |
| ( 5 ) Bal: with banks (Doms) | 302,038.64 | 1,156,816.97 | 1,452,391.77 | 464,209.77 | 1,058,318.47 | 1,522,528.24 |
| ( 6 ) Bal: with banks (FC) | 295,574.80 | 1,350,939.64 | 1,350,939.64 | 431,352.83 | 2,749,491.48 | 3,180,844.31 |
| ( 7 ) Bal: with foreign banks (FC) | 0.00 | 5,064,110.34 | 0.00 | 15,000.00 | | 15,000.00 |
| ( 8 ) Bal: with foreign cornensponding banks (FC) | 5,883.06 | 5,064,110.34 | 5,069,993.40 | 544,739.29 | 1,646,176.64 | 2,190,915.93 |
| 2. Equity investement (Domestic) | 1,358.60 | 10.10 | 1,368.70 | 2,619.60 | 16,330.10 | 18,949.70 |
| 3. Loans and advances | 6,361,989.60 | 1,956,028.59 | 8,318,018.19 | 9,037,331.10 | 2,298,247.58 | 11,335,578.68 |
| 4. Government Securities | 1,831,847.00 | 1,389,858.10 | 3,221,705.10 | 2,051,151.42 | 1,471,818.63 | 3,522,970.05 |
| 5. Other Public securities | 872.80 | | 872.80 | 2,881.76 | | 2,881.76 |
| 6. Bills purchased | 198,498.18 | 512.70 | 199,010.88 | 58,153.08 | 12.56 | 58,165.64 |
| 7. Fixed assets | 366,726.63 | 13,150.13 | 379,876.76 | 537,994.99 | 17,169.89 | 555,164.88 |
| 8. Other assets | 598,605.91 | 4,794,748.90 | 5,393,354.81 | 373,286.00 | 5,242,016.58 | 5,615,302.58 |
| 9. Acceptances, Endorsements and Guarantee | 115,170.84 | 1,034,316.06 | 1,149,486.90 | 180,001.13 | 997,188.59 | 1,177,189.72 |
| Other Account | | 54,209.32 | | 0.00 | | - |
| **Total Assets** | **11,550,191.98** | **18,592,868.56** | **30,143,060.54** | **15,658,185.57** | **17,953,019.57** | **33,611,205.14** |
| **Equity** | **817,584.46** | **36,000.63** | **853,585.09** | **996,176.61** | **78,794.69** | **1,074,971.30** |
| **Total Deposit** | 9,490,642.19 | 8,008,938.46 | **17,499,580.65** | 13,349,106.30 | 7,484,674.74 | **20,833,781.04** |
| **Total Capital** | **558,896.41** | **8,630.00** | **567,526.41** | **733,939.74** | **62,500.00** | **796,439.74** |
| 1. Paid up Capital(Ks) | 517,081.91 | 8,630.00 | 525,711.91 | 692,125.24 | 62,500.00 | 754,625.24 |
| Paid up Capital (FE) | 41,814.50 | | 41,814.50 | 41,814.50 | | 41,814.50 |
| 2. Reserves | 159,000.51 | 27,291.25 | 186,291.76 | 213,645.22 | 16,139.00 | 229,784.22 |
| ( 1 ) Other Reserves | 88,584.29 | 50,974.55 | 139,558.84 | 102,878.09 | 55,207.74 | 158,085.83 |
| (2) Revaluation Reserves | | 1,040,709.80 | 1,040,709.80 | | 963,514.73 | 963,514.73 |
| 3. Balance of Profit and Loss A/C | 36,455.38 | 79.38 | 36,534.76 | 23,832.81 | 155.69 | 23,988.50 |
| Share premium | 5,648.39 | | 5,648.39 | 24,758.84 | | 24,758.84 |
| **4. Deposit of Customers other than Banks** | **9,373,217.64** | **8,008,938.46** | **17,382,156.10** | **13,131,752.42** | **7,484,674.74** | **20,616,427.16** |
| ( 1 ) Demand Deposits | 1,277,213.39 | 5,298,723.58 | 6,575,936.97 | 2,496,992.00 | 4,497,914.42 | 6,994,906.42 |
| ( 2 ) Time Deposits | 8,096,004.25 | 2,644,450.01 | 10,740,454.26 | 10,634,760.42 | 2,954,536.23 | 13,589,296.65 |
| ( 3 ) Other Deposit | | 65,764.87 | 65,764.87 | | 32,224.09 | 32,224.09 |
| 5. MPU Settlement | 0.00 | 2,645.58 | 2,645.58 | 0.00 | 13,736.06 | 13,736.06 |
| 6. Due to Domestic Banks | 117,424.55 | | 117,424.55 | 217,353.88 | | 217,353.88 |
| 6. Borrowing from MEB | 47,500.00 | 424,284.14 | 471,784.14 | 92,500.00 | 552,394.46 | 644,894.46 |
| 7. Borrowing from CBM | 249,950.00 | | 249,950.00 | 233,490.00 | | 233,490.00 |
| 8. Borrowing from MBL | 0.00 | | - | 0.00 | | - |
| 7. Borrowing from IFC | | | - | 4,855.00 | | 4,855.00 |
| 8. Borrowing from Cathay | | | - | 82,000.00 | | 82,000.00 |
| 8. Borrowing from Yoma | 1,500.00 | | 1,500.00 | 2,500.00 | | 2,500.00 |
| 7. Borrowing from other bank | 250,850.00 | 245,709.28 | 496,559.28 | 250,270.00 | 232,314.53 | 482,584.53 |
| 9. Visa Prepaid Card Payable | 987.61 | | 987.61 | 2,292.17 | | 2,292.17 |
| 10. Bills payable (Domestic) | 35,291.79 | 1,967,352.77 | 2,002,644.56 | 60,417.63 | 1,152,577.73 | 1,212,995.36 |
| 11. Other Liabilities | 451,868.25 | 5,699,399.85 | 6,151,268.10 | 278,700.05 | 6,301,686.31 | 6,580,386.36 |
| 12. Acceptances,Endorsements and | 173,017.16 | 1,014,876.06 | 1,187,893.22 | 202,999.72 | 997,188.59 | 1,200,188.31 |
| 13.State/ Regional Government Fund Account | | 101,977.44 | 101,977.44 | | 114,685.50 | 114,685.50 |
| Other Account | 0.00 | | - | | 6,244.49 | 6,244.49 |
| **Total Liabilities** | **11,550,191.98** | **18,592,868.56** | **30,143,060.54** | **15,658,185.57** | **17,953,019.57** | **33,611,205.14** |
| **Total Assets - AEG** | 11,435,021.14 | **17,558,552.50** | **28,993,573.64** | **15,478,184.44** | **16,955,830.98** | **32,434,015.42** |

| | | | | | | |
|---|---|---|---|---|---|---|
| **Income** | 992,068.77 | 402,042.62 | **1,394,111.39** | 1,333,820.26 | 373,241.71 | **1,707,061.97** |
| **Expenditure** | 734,636.96 | 254,499.55 | **989,136.51** | 1,108,520.67 | 313,094.11 | **1,421,614.78** |
| **Net Income** | 257,431.81 | 147,543.07 | **404,974.88** | 225,299.59 | 60,147.60 | **285,447.19** |
| **Loan to Deposit Ratio** | **67.03%** | **24.42%** | **47.53%** | **67.70%** | **30.71%** | **54.41%** |
| **Cash to Total Assets** | **18.15%** | **82.09%** | **56.87%** | **22.06%** | **46.65%** | **34.92%** |
| **Deposit to Total Assets** | 83.00% | 45.61% | 60.36% | 86.24% | 44.14% | 64.23% |
| **Fixed Assets to Total Assets** | **3.21%** | **0.07%** | **1.31%** | **3.48%** | **0.10%** | **1.71%** |
| **Loan to Total Assets** | 55.64% | 11.14% | 28.69% | 58.39% | 13.55% | 34.95% |
| **ROE** | 31.49% | 409.83% | 47.44% | 22.62% | 76.33% | 26.55% |
| **ROA** | 2.25% | 0.84% | 1.40% | 1.46% | 0.35% | 0.88% |
| **CAR** | 24.75% | 19.53% | 21.55% | 21.39% | 17.16% | 19.05% |
| **Liquidity** | 29.02% | 92.89% | 62.11% | 27.77% | 90.73% | 53.06% |
| **Liquidity(Exclude Gov Bond)** | 7.72% | 78.96% | 44.63% | 11.81% | 73.71% | 36.68% |